ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

တယ်လီဖုန်း ၉၅- ၁- ၅၃၉၆၃၅

၉၅- ၁- ၅၃၆၇၅၈

Fax ၉၅- ၁- ၅၃၉၆၃၅

စိန်ရတု ပထမထပ်

ရန်ကုန်တက္ကသိုလ်နယ်မြေ၊

ပြည်လမ်း၊ တက္ကသိုလ်စာတိုက်

ရန်ကုန်မြို့


---

စာအမှတ်၊ ၀/သ-ပညာရှင်(ပညာရှင်အဖွဲ့ဆု)၊ ၂၀၂၃ (၈၁၅)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၇)ရက်

အကြောင်းအရာ ။ **(၁၇)ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု ချီးမြှင့်နိုင်ရေးအတွက် ပါရဂူဘွဲ့ကျမ်းနှင့် သုတေသနအစီရင်ခံစာများ ဖိတ်ခေါ်ခြင်း။**

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဆု (Academy Award) ချီးမြှင့်နိုင်ရေးအတွက် **၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် ပါရဂူဘွဲ့ရရှိသူများ**၏ ပါရဂူကျမ်း (PhD Theses / Dissertations)၊ သုတေသနအစီရင်ခံစာများ(Research Reports) ဖိတ်ခေါ်စာကို ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်များသို့ ပေးပို့အပ်ပါသည်။

၂။ **(၁၇) ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အဖွဲ့ဆု (Academy Award)** ဖိတ်ခေါ်စာကို သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက မိမိတက္ကသိုလ် ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများ၏ ရုံးခန်းနှင့် ဌာနကြော်ငြာသင်ပုန်းကြီးများပေါ်၌ ကပ်ထားကြေညာပေးပြီး၊ **၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် ပါရဂူဘွဲ့ရရှိသူများ**အား ဆော်ဩတိုက်တွန်းပေးပါရန် ညွှန်ကြားအပ်ပါသည်။ ပါရဂူကျမ်းများနှင့် သုတေသနလုပ်ငန်းအစီရင်ခံစာများကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင် အဖွဲ့သို့ **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်၊ (တနင်္လာနေ့)** ရုံးချိန်အတွင်းနောက်ဆုံးထား ပေးပို့ရန်မေတ္တာရပ်ခံအပ်ပါသည်။

၃။ ဤစာနှင့်အတူ ဖိတ်ခေါ်စာကို ပူးတွဲပေးပို့ထားသည့်အပြင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ Website ပေါ်တွင်လည်း တင်ပြထားမည်ဖြစ်ပါသည်။

ဒေါက်တာသက်လွင်

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

**ဖြန့်ဝေခြင်း-**

၁။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင် အဖွဲ့ဝင်များ

၂။ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ

၃။ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန

---

**မိတ္တူကို-**

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ

၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

စိန်ရတုခန်းမပထမထပ်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ပြည်လမ်း၊ တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့

## မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု ချီးမြှင့်နိုင်ရေးအတွက် သုတေသနအစီရင်ခံစာများ ဖိတ်ခေါ်စာ

၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၇)ရက် ( ကြာသပတေးနေ့ )

၁။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ကြီးမှူးကျင်းပမည့် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ဆုအတွက် အရွေးချယ်ခံရန်၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်နှစ်၌ ပါရဂူဘွဲ့ရရှိထားသူများအား မိမိတို့ပြုစုခဲ့သော ပါရဂူကျမ်းနှင့်ယင်းကျမ်းကိုအခြေခံ၍ ရေးသားထားသည့် သုတေသနအစီရင်ခံစာကို ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့သို့ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသူမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ဘာသာရပ်တစ်ခုခုဖြင့် ပါရဂူဘွဲ့ရရှိခဲ့သည်ဟု ကြေညာခြင်းခံရသူ ဖြစ်ရပါမည်။

**သုတေသနအစီရင်ခံစာ တင်သွင်းခြင်း**

၃။ (၁၇) ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆုအတွက် သုတေသနအစီရင်ခံစာနှင့် အဆိုပြုလွှာကို တင်သွင်းရာတွင် အောက်ပါအထောက်အထားများနှင့်အတူ တင်သွင်းရပါမည်-

(က) အမည်၊ လက်ရှိတာဝန်၊ ဌာန၊ တက္ကသိုလ်တို့ပါရှိသော အဆိုပြုလွှာ (၃) စုံ (နမူနာပုံစံ ပူးတွဲဖော်ပြထားပါသည်။)

(ခ) ပါရဂူကျမ်း (မူရင်း) တစ်အုပ်၊

(ဂ) မိမိ၏ပါရဂူကျမ်းကို အခြေခံ၍ပြုစုထားသော သုတေသနလုပ်ငန်း အစီရင်ခံစာ (Research Report) သုံးအုပ်နှင့် CD (၁) ချပ်၊

(ဃ) ပါရဂူကျမ်းတင်သွင်းခဲ့သည့်တက္ကသိုလ်မှ ၂၀၂၂ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိခဲ့ကြောင်း တက္ကသိုလ်မော်ကွန်းထိန်း၏ ထောက်ခံချက်မူရင်း (ရက်စွဲအပြည့်အစုံ)

**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့သို့ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၄ )ရက် (တနင်္လာနေ့) ကို နောက်ဆုံးထား၍ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။**

**ဆုများချီးမြှင့်ခြင်း**

၄။ **မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ဆု (၂၀၂၂)** ကို အောက်ပါပညာရပ် အုပ်စုများအလိုက် ဆုများချီးမြှင့်ပါမည်-

(က) ဝိဇ္ဇာပညာရပ်ဆု (ခ) သိပ္ပံပညာရပ်ဆု (ဂ) လူမှုရေးပညာရပ်ဆုဟူ၍ (၃)မျိုးခွဲခြားကာ၊ သုတေသနလုပ်ငန်း အစီရင်ခံစာ၏ အရည်အသွေး ပြည့်မီမှုအပေါ်တွင်မူတည်၍ ဆုအရေအတွက်ကို တိုးမြှင့်၍ချီးမြှင့်လျက်ရှိပါသည်။

မှတ်ချက်။ ပညာရပ်အလိုက် "ဆု" တစ်ဆုစီအတွက် ရွေးချယ်ရေးအဖွဲ့က အကောင်းဆုံး ပါရဂူကျမ်းနှင့်သုတေသန လုပ်ငန်းအစီရင်ခံစာမရှိကြောင်း ဆုံးဖြတ်ထားသော ပညာရပ်အတွက် ဆုကို ချီးမြှင့်မည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**သုတေသနလုပ်ငန်းအစီရင်ခံစာ (Research Report)ရေးသား ပြုစုခြင်း**

၅။ (က) မိမိ၏ပါရဂူကျမ်း (Dissertation) ကို အခြေခံ၍စာမျက်နှာ (၂၀)ထက် မပိုသော သုတေသနလုပ်ငန်း အစီရင်ခံစာ (Research Report) ကိုရေးသားရပါမည်။

(ခ) အဆိုပါအစီရင်ခံစာတွင် နိဒါန်းကိုအကျဉ်းမျှသာရေးသား၍၊ သုတေသနလုပ်ငန်း ရည်ရွယ်ချက်များနှင့် ဦးတည်ချက်များ (Aims/Objectives) များဖော်ပြရန် လိုအပ်ပါမည်။

(ဂ) မိမိကိုယ်တိုင် လုပ်ဆောင်ခဲ့သည့် သုတေသနလုပ်ငန်းပိုင်းကို အထူးအလေးထား ဖော်ပြရန်ဖြစ်ပြီး၊ မိမိ၏ပါရဂူကျမ်းပါအတိုင်း၊ တွေးဆချက်များ၊ လုပ်ဆောင်ချက်များ၊ တွေ့ရှိချက်များ၊ စိစစ်ချက်များ၊ ဆွေးနွေးသုံးသပ်ချက်များ၊ နိဂုံးစသည်တို့ကို ရှင်းလင်းပြည့်စုံစွာ ဖော်ပြရပါမည်။

(ဃ) မာတိကာ၊ ကျမ်းကိုးများ၊ အစီရင်ခံစာအကျဉ်း (Abstract; not more than 300 words) တို့ ပါရှိရပါမည်။

(င) ကျမ်းကိုးများ၏အဆုံး အစီရင်ခံစာနောက်ပိုင်းတွင် မိမိဖတ်ကြားတင်သွင်းခဲ့သည့် Seminar များ၊ ကိုယ်ရေးအကျဉ်း(Curriculum Vitae) နှင့် သုတေသနလုပ်ဆောင်ခဲ့သည့် ကာလတို့ကို ဖော်ပြရပါမည်။ ယင်းတို့အတွက် စာမျက်နှာထည့်၍ မရေတွက်ပါ။

(စ) မိမိ၏ကျမ်းတွင် ရေးသားခဲ့သည့် ဘာသာစကား (အင်္ဂလိပ်/ မြန်မာ)အတိုင်း ရေးသား ပြီး၊ စာအုပ်(အစီရင်ခံစာ)အရွယ်သည် PhD Dissertation အရွယ် ဖြစ်ရပါမည်။ Format (ပုံစံ)သည် Journal of the Myanmar Academy of Arts and Science အတိုင်းဖြစ်၍ စာအုပ် မျက်နှာဖုံးမှာ ပူးတွဲပုံစံအတိုင်း အဖုံးပြော့ဖြင့် စာအုပ်ချုပ်၍ တင်ပြရပါမည်။

**သုတေသန လုပ်ငန်းအစီရင်ခံစာကို အပိုဒ်(၅)တွင် သတ်မှတ်ထားသည့် (က)မှ (စ)အထိ အစီရင်ခံစာရေးနည်းပုံစံအတိုင်း ပြည့်စုံစွာပြုစုတင်ပြခြင်းမရှိပါက ဆုအတွက်ထည့်သွင်း စဉ်းစားမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။**

**နှီးနှောဖ်ချက်**

၆။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့သည် ပညာရှင်အဖွဲ့ဆုကို နှစ်စဉ်အရေအတွက် တိုးမြှင့် ချီးမြှင့်လျက်ရှိပါသည်။

၇။ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်နှင့် စနစ်တကျစီမံ ဆောင်ရွက်နိုင်ခဲ့သူများအား အသိအမှတ်ပြု၍ ထိုက်တန်စွာချီးမြှင့်ဂုဏ်ပြုရန် ရည်ရွယ်ထားခြင်းဖြစ်ပါ သည်။

၈။ သို့ဖြစ်၍ ၂၀၂၂ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိခဲ့သူများအား မိမိတို့၏ စွမ်းဆောင်မှုကို ပြသခွင့် ရစေလိုသောကြောင့် အဆိုပြုလွှာများကို တင်သွင်းခြင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

၉။ ဤဖိတ်ခေါ်စာကို ဖြန့်ချိ၍ အသိပေးနှိုးဆော်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့**

၁။ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများအားလုံး

၂။ ပါမောက္ခ/ဌာနမှူးများ အားလုံး

၃။ ကြော်ငြာသင်ပုန်းတွင်ကပ်ရန်

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၂၂၊ ပြက္ခဒိန်နှစ်ပါရဂူဘွဲ့ရ) ချီးမြှင့်ပေးအပ်မှုနှင့်စပ်လျဉ်း၍ အသေးစိတ် သိလိုသည်များကို၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ရုံး ဖုန်း၊ ၀၉-၂၅၀၀၇၄၅၇၈/ ၀၉-၄၂၀၁၂၆၈၁၄/ ၀၉-၄၅၀၀၂၀၃၉၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ www.maas.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၂၂) အတွက်

# အဆိုပြုလွှာ

၁။ အမည် ------------------------------------------

၂။ လက်ရှိတာဝန် ------------------------------------------

၃။ ဌာန ------------------------------------------

၄။ တက္ကသိုလ် ------------------------------------------

၅။ ပါရဂူကျမ်းဘာသာရပ် ------------------------------------------

၆။ ပါရဂူကျမ်းခေါင်းစဉ် အပြည့်အစုံ ------------------------------------------

------------------------------------------

------------------------------------------

------------------------------------------

၇။ ပါရဂူကျမ်း အောင်မြင်ခဲ့သည့်ခုနှစ်နှင့် လ ------------------------------------------

၈။ ပါရဂူကျမ်း အောင်မြင်ခဲ့သည့်တက္ကသိုလ် ------------------------------------------

------------------------------------------

၉။ ထိုတက္ကသိုလ် မော်ကွန်းထိန်းထံမှ ထောက်ခံချက် (ပူးတွဲ တင်ပြရန်) ------------------------------------------

၁၀။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ------------------------------------------
(gmail/email နှင့်ဖုန်းနံပါတ်များအပါအဝင်)------------------------------------------

------------------------------------------

ပြိုင်ပွဲဝင် အဆိုပြုသူ၏လက်မှတ်
(အမည် အပြည့်အစုံ)
နိုင်ငံသားစိစစ်ရေးအမှတ်

**မှတ်ချက်**

- ❖ အဆိုပြုလွှာ(၃)စုံ တင်သွင်းရန်၊
- ❖ ပါရဂူကျမ်း (၁)အုပ်၊ သုတေသနလုပ်ငန်းအစီရင်ခံစာ (၃)အုပ် နှင့် CD (၁) ချပ်တို့ကို ပူးတွဲ တင်သွင်းရန်၊
- ❖ ဆုရွေးချယ်ခြင်းမခံရသော ကျမ်းများကို ဆုများအပ်နှင်းပြီးနောက်တွင် ဤရုံး၌ ပြန်လည် ထုတ်ယူနိုင်ပါသည်။

# (PhD Dissertation Title)

--------------------------------------

--------------------------------------

Font 14

## Research Report

Font 14

**A Research Report Submitted to the Myanmar Academy of Arts and Science**

Font 12

**By**

Font 12

**Hla Hla**

**PhD**

**Assistant Lecturer**

**Department of Botany**

**University of Yangon**

Font 12
Example

**August, 2023**

Font 12